# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၁ (ခ)၊ မှတ်ပုံတင်စာရင်း ပြင်ဆင်ခြင်းအပေါ် ကန့်ကွက်ချက်

*ပုဒ်မ ၄၂၂ (ဂ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

**ကုမ္ပဏီအမည်**

| |
|---|
| |

**မှတ်ပုံတင်အမှတ်**

| |
|---|
| |

### ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၄၂၂ (ခ) ၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

“(ခ) ပုဒ်မခွဲ(က)(၁) အရ မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတစ်ရပ်ကို ပြင်ဆင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည်-

(၁) လျှောက်ထားချက်ကို အဆိုပါကုမ္ပဏီနှင့် စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအားပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း(အဆိုပါလျှောက်ထားချက်၏ အချက်အလက်များကို) ဖော်ပြ၍ ကုမ္ပဏီသို့ စာဖြင့် ရေးသားအကြောင်းကြားရမည်။

(၂) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကို မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် အား ပြုလုပ်ခြင်းဖြစ်လျှင် ၎င်းတို့နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်း (အဆိုပါလျှောက်ထားချက်၏ အချက်အလက်များကို) ဖော်ပြ၍ ပေါင်နှံခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

(၃) ၎င်းအပြင် အောက်ပါအချက်အလက်များ ပါရှိသော အကြောင်းကြားစာကို အများပြည်သူသိရှိရန် ထုတ်ပြန်ရမည်-

(ကက) လျှောက်ထားသူ၏အမည်။

(ခခ) ကုမ္ပဏီ၏အမည်။

(ဂဂ) မှတ်ပုံတင်စာရင်းတွင် ပြုလုပ်ဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များနှင့် ပြင်ဆင်ချက်များအတွက် အကြောင်းပြချက်များနှင့်

(ဃဃ) အဆိုပြုထားသည့် ပြင်ဆင်ချက်ကို စာဖြင့် ရေးသားကန့်ကွက်နိုင်ကြောင်း သတ်မှတ်သည့် နေ့ရက် တစ်ရက်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုနေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ ၂၈ ရက်ထက် နောက်မကျသည့် နေ့ရက် တစ်ရပ်ရပ် ဖြစ်စေရမည်။”

ပုဒ်မ ၄၂၂ (ဂ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

“ မည်သူမဆို အဆိုပြုထားသည့်မှတ်ပုံတင်စာရင်းအား ပြင်ဆင်ချက်အပေါ် စာဖြင့်ရေးသားကန့်ကွက်ချက် တစ်ရပ်ကို မှတ်ပုံတင် အရာရှိထံသို့ ပုဒ်မခွဲ (ခ) (၃) (ဃဃ)နှင့်အညီ သတ်မှတ်ထားသည့်နေ့ရက်ထက်နောက်မကျစေဘဲပေးပို့နိုင်သည်။မှတ်ပုံတင်အရာရှိသည် အဆိုပါကန့်ကွက်ချက် မိတ္တူတစ်စောင်ကို မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် လျှောက်ထားသူထံသို့ ပေးပို့ရမည်။”

### ၂။ ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ အချက်အလက်များ

ဤပုံစံအတူ ကန့်ကွက်ရသည့်အကြောင်းရင်းဖော်ပြချက် နှင့် ကန့်ကွက်သူ၏ အမည်၊နိုင်ငံသားစိစစ်ရေးကတ်အမှတ် သို့မဟုတ် ပတ်စ်ပို့နံပါတ်တို့ကို သီးခြား စာရွက်ဖြင့် ပူးတွဲ တင်ပြရမည်။

### ၃။ လက်မှတ်ရေးထိုးသည်မှာ

ဤပုံစံပါအချက်အလက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

**လက်မှတ်** ______________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

| |
|---|
| |

## ၄။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၅။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

- ☐ ပြင်ဆင်ချက်အပေါ် ကန့်ကွက်ရသည့်ဖော်ပြချက် နှင့် ကန့်ကွက်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ပတ်စ်ပို့ကတ် မိတ္တူ။
- ☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။